ဖွန် (၂၀)

## သတင်းကောင်းက အဘယ်နည်း? "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏" (၁ယော ၄း၈)

**အခြား**သူများနှင့်အတူ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဝေမျှခံစားနိုင်ရန် သင့်အတွက်လိုအပ်သည့် တစ်ခုတည်းသောအရာက ရိုးစင်းသည့် ကယ်တင်ခြင်း၌ ရိုးရှင်းသည့် ယုံကြည်ခြင်းဖြစ်ပြီး သူတို့အနေနှင့် ရိုးရိုးလေးယုံကြည် လက်ခံကာ ကယ်တင်ခြင်းရဖို့ ရိုးရှင်းသည့် ဧဝံဂေလိတရားတော်ဖြစ်ရာ သတင်းကောင်းကို အလွန်လှပသည့် ကျမ်းချက်တစ်ချက်ဖြင့် ရိုးရိုးလေး အကျဉ်းချုပ် ဖော်ပြထားသည်။ "ဘုရားသခင်၏ သားတော်ကိုယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" (၁ယော ၃း၁၆)

၎င်းက မည်သို့သောအတိတ် နောက်ခံပတ်ဝန်းကျင်မှလာသည့် လူမျိုးကိုမဆို ကယ်တင်ခြင်းနှင့်ဆိုင်သော အယူအဆအတွေး အခေါ်ကိုရှင်းပြရန် သမ္မာကျမ်းစာထဲမှ အကောင်းဆုံးနှင့် တစ်ခုတည်းသောကျမ်းချက်ပင် ဖြစ်သည်။ မိမိအနေနှင့် ၎င်းတို့ကို ဤကျမ်းချက်၏ အစိတ်အပိုင်းတစ်ခုစီအား နားလည်သဘောပေါက်အောင် ကူညီ နိုင်ခဲ့လျှင် ထိုအချက်က လိုအပ်သမျှအရာအားလုံးပင် ဖြစ်သည်။ "ဘုရားသခင်သည် လောကီသားတို့ကို အလွတ်ချစ်တော်မူ၏" ဘုရားသခင်က အဘယ်သူနည်း? သူသည် ချစ်ခြင်းမေတ္တာ၏ ဝိညာဉ်တော်ပင်ဖြစ်သည်။ ၎င်းတို့က ကမ္ဘာလောကကြီး၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသလား? "ဘုရားသခင်သည် သင့်ကိုအလွန်ချစ်တော်မူ၏" ၎င်းတို့၏အမည်ကို ထိုနေရာတွင် အစားထိုးပေးပါ။ "မိမိ၌တပါးတည်းသော သားတော် ကိုစွန့်တော်မူသည့်တိုင်အောင်" ထိုသူက မည်သူနည်း? ယေရှု "သားတော်ကို ယုံကြည် သောသူအပေါင်းတို့" ၎င်းတို့ ယေရှုအား ယုံကြည်ကြပါသလား? သို့ဖြစ်လျှင် သူတို့သည် "ပျက်စီးခြင်းသို့မရောက်" ကြရတော့။ ၎င်းတို့သည် အပယ်ငရဲသို့ သွားရလိမ့်မည်မဟုတ်။ "ထာဝရအသက်" ကိုရရှိကြလိမ့်မည်ဖြစ်သည်။

(ယောဟန် ၃း၁၆) ကပျောက်ဆုံးနေသော သူတို့ထံသို့သင်သွားရောက် သက်သေခံရန်အတွက် သင်၌လိုအပ်သမျှအလုံးစုံသော ပညာရေးမှန်သမျှပင်ဖြစ်သည်။ သာသနာပြုတစ်ယောက် ဖြစ်လာရန်အတွက် သင်၌ လိုအပ်သမျှသော ပြင်ဆင် မှုပင်ဖြစ်သည်။ ပျောက်ဆုံးနေသော သူတို့ကို တွေ့ရှိနိုင်မည့် နေရာသို့ရိုးရိုးလေးပင် သွားရောက်ခါသူ၏ ချစ်ခြင်းမေတ္တာနှင့် သခင်ယေရှုတွင်ရှိသော ဝမ်းမြောက်ဖွယ်ရာ ကယ်တင်ခြင်း သတင်းကောင်းကို ပေးကမ်းလိုက်ရန်သာ ဖြစ်သည်။